ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

နေပြည်တော်

**ရတနာပြပွဲများတွင် ကျောက်စိမ်းအရိုင်းတွဲများ တင်ပြရောင်းချခဲ့သော**
**ပုဂ္ဂလိက ကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်**

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၅)ရက်

(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကုမ္ပဏီ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကပိုင် ကျောက်စိမ်းအရိုင်းနှင့် အချောထည်များကို ရတနာပြပွဲများတွင် တင်ပြရောင်းချပေးလျှက်ရှိပါသည်။ ရောင်းချရသော ကျောက်စိမ်းတွဲများကို ဝယ်ယူသူသို့ထုတ်ပေးခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို သက်ဆိုင်ရာကုမ္ပဏီ၊ သမဝါယမအသင်းနှင့် ပုဂ္ဂလိကများသို့ ပြန်လည်ထုတ်ပေးခြင်းများ ဆောင်ရွက်လျှက်ရှိပါသည်။

၂။ ၁၉၉၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကာလအတွင်းကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်စိမ်းတွဲများ တင်ပြရောင်းချခဲ့ကြသော်လည်း ရောင်းချရခြင်းမရှိသဖြင့် ပြန်လည်ထုတ်ယူကြရန် အကြောင်းကြားခြင်း၊ ကြေညာသင်ပုန်းများတွင် အကြိမ်ကြိမ်အသိပေးနှိုးဆော်ခြင်းများနှင့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ(၁၂၊ ၁၄၊ ၁၆)ရက်နေ့များတွင် ကြေးမုံသတင်းစာတွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ(၁၃၊ ၁၅၊ ၁၇)ရက်နေ့များတွင် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ကြေညာစာများထည့်သွင်း အသိပေးကြေညာခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းကဆောင်ရွက်ခဲ့ရာ ကျောက်စိမ်းတွဲပိုင်ရှင်(၂)ဦးကသာ ကျောက်စိမ်းရိုင်း(၂)တွဲကိုပြန်လည်ထုတ်ယူရန် ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ကျောက်စိမ်းတွဲပိုင်ရှင်(၃၄)ဦးက ဆက်သွယ်ဆောင်ရွက်လာခြင်းမရှိပါ။

၃။ သို့ဖြစ်၍ ကျောက်စိမ်းအတွဲများ ထုတ်ယူရန် ကျန်ရှိနေသည့် ပုဂ္ဂလိကကျောက်စိမ်းတွဲပိုင်ရှင်များသည် ကျောက်စိမ်းရိုင်းများ အပ်နှံခဲ့သည့် မူလစာရွက်စာတမ်းများနှင့်အတူ (၃၁.၃.၂၀၁၃) ရက်နေ့ နောက်ဆုံးထားပြီး သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကျောက်စိမ်းအရိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်သည်။

၄။ ကျောက်စိမ်းအတွဲများ ပြန်လည်ထုတ်ယူရန်ကျန်ရှိနေသည့် ပုဂ္ဂလိကကျောက်စိမ်းအတွဲပိုင်ရှင်များ၏ အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လုပ်ငန်းရှင်အမည် | မှတ်ပုံတင်အမှတ် |
|---|---|---|
| ၁ | ဒေါ်ဆွေလင့်စီ | အန်ကေအမ်- ၀၉၅၈၃၉ |
| ၂ | ဒေါ်ချင်ကျိန် | အိတ်ချ်ဒဗလျူအိုင်-၀၄၅၁၉၈ |
| ၃ | ဒေါ်အမ်ဖိန် | အယ်လ်အက်စ်အို- ၁၈၂၅၉၀ |
| ၄ | ဦးမြင့်စိုး | ၅/ခတန(နိုင်) ၀၀၅၅၆၇ |
| ၅ | ဦးသိန်းဝင်း | - |
| ၆ | ဦးခရိုင်းနော်အောင် | အမ်ကေအေ- ၀၃၉၈၃၅ |
| ၇ | ဦးဝင်းရှိန်+ ဦးချစ်စံ | ၉/မရမ(နိုင်) ၀၆၄၇၅၉ |
| ၈ | ဦးနော်အောင် | ၁/မကန(နိုင်) ၀၁၃၄၃၄ |
| ၉ | ဦးသောင်းထီ | အက်စ်ဂျီဂျီ - ၀၄၄၅၄၁ |
| ၁၀ | ဦးစောစေတာ | ဘီအက်စ်အင်န်- ၀၄၇၆၈၆ |
| ၁၁ | ဦးစောထွန်းနိုင် | ၁/မကန(နိုင်) ၀၄၇၉၇၆ |
| ၁၂ | ဦးမောင်မောင်မြင့်+ဦးအောင်ကြည် | အမ်အမ်အို- ၃၁၂၅၁၉ |
| ၁၃ | ဦးမောင်မောင်စိန် | အေအမ်အေ- ၀၉၅၈၆၃ |
| ၁၄ | ဦးအေး | ၉/မရမ(နိုင်)၀၀၁၉၀၅ |
| ၁၅ | ဦးအောင်ဝင်း | ၁/မကတ(နိုင်)၀၃၀၂၂၀ |
| ၁၆ | ဦးဇော်ရာ | ၁/ဗမန(နိုင်) ၀၀၁၃၇၄ |
| ၁၇ | ဦးဖော်ယူဂမ်မွန် | - |
| ၁၈ | ဦးနွယ်ဘွား | ၅/စကန(နိုင်)၀၈၇၈၀၁ |
| ၁၉ | ဦးမြင့်နိုင်ဦး+ဦးစိုးမြင့် | ၉/မရမ(နိုင်)၀၃၆၀၃၀ |
| ၂၀ | ဦးမြတ်ဇော်ဦး | ၁/မကတ(နိုင်)၀၃၀၃၈၉ |
| ၂၁ | ဦးသန်းထွေး | ၉/မနတ(နိုင်)၀၈၆၄၅၃ |
| ၂၂ | ဦးသန်းမြင့် | - |
| ၂၃ | ဦးစီဘီလတောင် | - |
| ၂၄ | ဦးစိုးနိုင် | ၁၃/ကခဥ(နိုင်)၀၃၄၂၁၇ |
| ၂၅ | ဦးစိုးနိုင်ဦး | ၇/ပလန(နိုင်)၀၄၀၅၅၂ |
| ၂၆ | ဦးစိုးမြင့် | ၁၂/လသန(နိုင်)၀၈၆၈၀၂ |
| ၂၇ | ဦးစိုင်းမျိုးဝင်း | ၁/မကတ(နိုင်)၀၀၀၃၂၆ |
| ၂၈ | ဦးမရစ်နော် | ၁/မကန(နိုင်)၀၁၆၄၆၀ |
| ၂၉ | ဦးအင်ဒူယဉ်တူးဂျာ | ၁/မကတ(နိုင်)၀၁၈၁၁၈ |
| ၃၀ | ဦးကံရီ | ၅/စကန(နိုင်)၁၂၈၈၂၃ |
| ၃၁ | ဦးလရော် | ကေအမ်ဂျီ-၀၄၁၂၉၁ |
| ၃၂ | ဦးလှထွန်း | - |
| ၃၃ | ဦးတင်ထွန်းလင်း | ၁၂/ရပသ(နိုင်)၀၃၃၁၁၃ |
| ၃၄ | ဦးထွန်းရွှေ | အယ်လ်အက်စ်အို-၂၇၁၉၅ |

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ရုံးခွဲ(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးစခန်းရုံး(မန္တလေး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးစခန်းရုံး(မြစ်ကြီးနား)သို့ လာရောက် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ဒုတိယအကြိမ်အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

နေပြည်တော်

**ရတနာပြပွဲများတွင် ကျောက်စိမ်းအရိုင်းတွဲများ တင်ပြရောင်းချခဲ့သော**

**ဖက်စပ်ကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်**

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၅)ရက်

(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်စိမ်းဖက်စပ်လုပ်ငန်းမှ တူးဖော်ရရှိသော ကျောက်စိမ်းအရိုင်းများကို ရတနာပြပွဲများတွင် တင်ပြရောင်းချပေးခဲ့ပါသည်။

၂။ ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို ပြန်လည်အတွဲဖွဲ့ခြင်း၊ အခြေခံဈေးပြင်ဆင်သတ်မှတ်ခြင်းများဆောင်ရွက်ပြီး ရတနာပြပွဲများတွင် တင်ပြရောင်းချနိုင်ရန်အတွက် သက်ဆိုင်ရာ ဖက်စပ်လုပ်ငန်းရှင်များက စီစဉ်ဆောင်ရွက်ကြရပါသည်။ ၁၉၉၉ ခုနှစ်၊ နှစ်လယ်ရတနာပြပွဲတွင် ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို အတွဲပြင်ဆင်ဖွဲ့စည်းခြင်း၊ အခြေခံဈေးပြင်ဆင်သတ်မှတ်ခြင်းများ ဆောင်ရွက်ပြီး ရတနာပြပွဲတွင် တင်ပြရောင်းချကြပါရန် အကြောင်းကြားခြင်း၊ ကြေညာသင်ပုန်းများတွင် အကြိမ်ကြိမ်အသိပေးနှိုးဆော်ခြင်းများနှင့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ(၁၂၊ ၁၄၊ ၁၆)ရက်နေ့များတွင် ကြေးမုံသတင်းစာတွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ(၁၃၊ ၁၅၊ ၁၇)ရက်နေ့များတွင် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ ကြေညာစာများထည့်သွင်းအသိပေးကြေညာခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ဆောင်ရွက်ခဲ့ရာ ဖက်စပ်လုပ်ငန်းရှင်(၅)ဦးကသာ ကျောက်စိမ်းတွဲ(၅)တွဲကို ထုတ်ယူရန်ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းရှင်(၂၃)ဦးက ဆက်သွယ်ဆောင်ရွက်လာခြင်းမရှိပါ။

၃။ သို့ဖြစ်၍ ကျောက်စိမ်းတွဲများ ထုတ်ယူရန်ကျန်ရှိနေသည့် ဖက်စပ်လုပ်ငန်းရှင်များသည် ကျောက်စိမ်းအရိုင်းများ အပ်နှံခဲ့သည့် မူလစာရွက်စာတမ်း အထောက်အထားများနှင့်အတူ (၃၁.၃.၂၀၁၃)ရက်နေ့ နောက်ဆုံးထားပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကျောက်စိမ်းအရိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်သည်။

၄။ ရတနာပြပွဲတင်ပြနိုင်ရေး ဆောင်ရွက်ရန် ကျောက်စိမ်းတွဲများ ကျန်ရှိနေသည့် ဖက်စပ်လုပ်ငန်းရှင်များ၏ အမည်စာရင်းနှင့် မှော်လုပ်ကွက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လုပ်ငန်းရှင်အမည် | မှော်/လုပ်ကွက် |
|---|---|---|
| ၁ | ဦးမောင်စိန် | အောင်စိန်(၁)လုပ်ကွက် |
| ၂ | ဦးကျော်အောင် | မော်မောင်းလျှံ(၆၀) |
| ၃ | ဦးကျော်မင်း | မမုံ(၇) |
| ၄ | ဦးလှထွန်း | ခတ္တာ(၃) |
| ၅ | ဦးမင်းလွင်+ဦးဇော်ဇော်ဦး | နမ္မချီ(၅)+တောင်စိမ်းကလေး(၁) |
| ၆ | ဦးဇော်ဝင်း | မမုံ(၃) |
| ၇ | ဦးလော်ဝါးချောင်လွမ်း | ဆန်းကြွယ်(၄၃) |
| ၈ | ဦးအင်ဝမ်းဇော်ဝမ် | ဆန်းကြွယ်(၁၅) |
| ၉ | ဦးမောင်စိန် | ခိုမ(၃၆) |
| ၁၀ | ဦးဇက်ဇော်ဖန် | ဆန်ခါ(၃၉) |
| ၁၁ | ဦးသန်းစိန် | ဝေခါ(၇) |
| ၁၂ | ဦးလှမြင့် | ဖားကန့်ကြီး(၂၀) |

| စဉ် | လုပ်ငန်းရှင်အမည် | မှော်/လုပ်ကွက် |
|---|---|---|
| ၁၃ | ဦးဒေါန | ဖားပြင်(၁၄) |
| ၁၄ | ဦးစိုင်းထွန်းစိန် | ဝါဇီ(၁၈) |
| ၁၅ | ဦးလောအိုက် | မှော်ဂလုံ(၆) |
| ၁၆ | ဦးလဖိုင်ဇော်နန် | ဆန်းကြွယ်(၄၄) |
| ၁၇ | ဦးနေထွန်း | ပန်းကြား(၁) |
| ၁၈ | ဦးအယ်ဇော်ရိန် | ဝေခါ(၃) |
| ၁၉ | ဦးမလွတ်လ | ပန်းတင်(၁) |
| ၂၀ | ဦးလောအိုက် | ဝါကျဲ(၇) |
| ၂၁ | ဦးဝူရှင်း | မော်ဝမ်း(၂၈) |
| ၂၂ | ဦးအင်ခွန်တူး | ဖားပြင်(၂) |
| ၂၃ | ဦးခမိုင်တန် | ယူမာ(၆) |
| | | |

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးခွဲ(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးစခန်းရုံး (မန္တလေး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးစခန်းရုံး (မြစ်ကြီးနား) သို့ လာရောက်ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါကြောင်း ဒုတိယအကြိမ်အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း